"အသံ"

# ကမ္ဘာ့ကို သိရှိစေသောပြတင်းပေါက် – ကွန်ဖြူးရှပ်အင်စတီကျူ

၂၀၀၄ ခုနှစ်တွင် ကမ္ဘာပေါ်တွင် ပထမဆုံးမြောက်သော ကွန်ဖြူးရှပ်အင်စတီကျူကို ကိုရီးယားနိုင်ငံဆိုးလ်မြို့၌ တည်ထောင်ခဲ့သည်။ ယနေ့ထက်တိုင် တရုတ်ဘာသာစကား၊ တရုတ်ယဉ်ကျေးမှု၊ တရုတ်နိုင်ငံရေးရာ ပညာရေးကို ပြန့်ပွားသောယဉ်ကျေးမှု ဖလှယ်ရေးအဖွဲ့အစည်းဖြစ်သည့် ကွန်ဖြူးရှပ်အင်စတီကျူသည် အသက်(၁၂)နှစ်ရှိပြီဖြစ်သည်။ လွန်ခဲ့သည့် (၁၂)နှစ်အတွင်း တစ်ကမ္ဘာလုံးရှိ နိုင်ငံ(၁၄၀)နိုင်ငံတို့တွင် ကွန်ဖြူးရှပ်အင်စတီကျူ(၅၁၁)ခု၊ မူလတန်း၊ အလယ်တန်းနှင့်အထက်တန်း ကွန်ဖြူးရှပ်စာသင်ကျောင်း (၁၀၇၃)ကျောင်းတို့ကို တည်ထောင်ပြီးကျောင်းသားဦးရေ ၂. ၁သန်းအထိရှိခဲ့သည်။ ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုထဲ ပါဝင်တက်ရောက်သူဦးရေမှာ ၁၃ သန်းအထိရှိခဲ့သည်။

နှစ်စဉ် ယဉ်ကျေးမှုနောက်ခံချင်း မတူ၊ အသားအရောင်ချင်း မတူသော တက္ကသိုလ်၊ ကောလိပ်တို့မှ ကျောင်းအုပ်ကြီးများ၊ ကွန်ဖြူးရှပ်အင်စတီကျူစာသင်ကျောင်းများသည် မတူခြားနားသော ပုံပြင်များကို ဆောင်ကြဉ်းလာ၍ တရုတ်နိုင်ငံ၌ စုရုံးလေ့ရှိသည်။ ယင်းပုံပြင်များကိုနားစွင့်ပါက လွန်ခဲ့သော(၁၂)နှစ်အတွင်း အမေးများခဲ့သော်လည်း ဖြေရခက်သော မေးခွန်းများဖြေဆိုရန် အထောက်အကူပြုကောင်းပြုနိုင်လိမ့်မည်။ ဤသည်ကား ကွန်ဖြူးရှပ်အင်စတီကျူသည် အဘယ်နည်း၊ ကွန်ဖြူးရှပ်အင်စတီကျူကို အဘယ်ကြောင့်တည်ထောင်ရသနည်း။

"ကွန်ဖြူးရှပ်အင်စတီကျူသာမရှိခဲ့ရင် ကျွန်တော်ဒီတစ်သက်လုံး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားနိုင်မှာမဟုတ်ပါ"ဟု ဘင်္ဂလားဒေ့ရှ် နိုင်ငံတောင်မြောက်တက္ကသိုလ်ကွန်ဖြူးရှပ် အင်စတီကျူမှ တရုတ်ဖက်ကျောင်းအုပ်ကြီး ကော်လေကထိုသို့ပြောသည်။ ယခုနှစ်နှစ်ဆန်းက ကောလေသည် ဘင်္ဂလားဒေ့ရှ်ခရီးစဉ်ကို စတင်ခဲ့သည်။

လက်ရှိတွင် ကွန်ဖြူးရှပ်အင်စတီကျူသည် နိုင်ငံ(၁၄၀)ကျော်တို့တွင် ပြန့်နှံ့ခဲ့ပြီးဖြစ်သည်။ ယင်းနိုင်ငံများ၌ နေထိုင်စဉ်ကာလအတွင်း တွေ့မြင်သမျှများကိုကောလေပါဝင်သော တရုတ်လုပ်အားပေးများ၊ ဆရာဆရာမများအားမျက်စိပွင့်စေနိုင်သည်။ ကောလေ၏လုပ်ဖော်ကိုင်ဖက်၊ တောင်မြောက်တက္ကသိုလ် ကွန်ဖြူးရှပ်အင်စတီကျူ ဘင်္ဂလားဒေ့ရှ်ဖက်မှ ကျောင်းအုပ်ကြီး Atiqul Islam ကမူဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အကြောင်းသိရှိစေရန် ကောလေအား အကူအညီပေးလိုစိတ်ရှိသည်။ ၎င်းသည်အပြန်အလှန် တုံ့ပြန်မှုသာ ဖလှယ်မှုဖြစ်တည်နိုင်မည်ဟု ယူဆထားသည်။ တောင်မြောက်တက္ကသိုလ် ကွန်ဖြူးရှပ်အင်စတီကျူတွင် တရုတ်ဆရာဆရာမတို့က ဒေသခံများအတွက်တရုတ်ဘာသာ၊ တရုတ်ယဉ်ကျေးမှုသင်ကြားပို့ချပေးသည့်အပြင် တရုတ်ဆရာဆရာမများအတွက် ဒေသန္တရဘာသာစကားသင်တန်းကိုလည်း ဖွင့်လှစ်ပေးပြီး လှုပ်ရှားမှုအမျိုးမျိုးထဲ တက်ကြွစွာပါဝင်ရန် ထောက်ခံအားပေးခဲ့သည်။ Atiqul Islamပြောသည့်အတိုင်း "တရုတ်နိုင်ငံက ကွန်ဖြူးရှပ် အင်စတီကျူကတစ်ဆင့်ကျွန်တော်တို့ ဘင်္ဂလားဒ့ရှ်နိုင်ငံကိုလည်း သိစေချင်ပါတယ်"ပင်ဖြစ်သည်။

ကောလေအနေနှင့်လည်း မတူခြားနားသောရှုထောင့်မှနေ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို သိမြင်လာတော့သည်။ တောင်မြောက်တက္ကသိုလ်မှ အစောင့်တစ်ဦးသည်စာသင်ခန်း၏ ပြင်ပ၌တရုတ်ဘာသာသင်တန်းကို အမြဲနားဆင်ပြီး မှတ်စုများ မှတ်သားခဲ့သည့်အကြောင်းကို၎င်းက ပြောပြခဲ့သည်။ ဤသတင်းကို ကောလိပ်ဖက်မှ ကြားရသော် အထက်ပါအစောင့်အတွက် ကွန်ဖြူးရှပ်အင်စတီကျူ၌အခမဲ့သင်ယူနိုင်သော အခွင့်အရေး ထောက်ပံ့ပေးခဲ့သည်။ "သင်တို့ယုံနိုင်သလား။ အတန်ငယ်သင်ယူခြင်းအားဖြင့် တရုတ်စာအခြေခံလုံးဝမရှိတဲ့ အစောင့်ဟာ တရုတ်ဘာသာ အရည်အချင်းစစ်စာမေးပွဲအောင်မြင်ခဲ့ပြီး ပညာတော်သင်ဆုရရှိကာပညာတော်သင်အဖြစ် တရုတ်နိုင်ငံသို့ လာရောက် ပညာသင်ကြားခဲ့တယ်။ ဒီအချက်ကနေပြီး ကြည့်ရင် လူငယ်များရဲ့တိုးတက်မှုဟာ ဘယ်နေရာမဆို အတူတူပါပဲ"ဟုကောလေကပြောသည်။

ကွန်ဖြူးရှပ်အင်စတီကျူတိုင်း၊ ကွန်ဖြူးရှပ်အင်စတီကျူ ဝန်ထမ်းတိုင်းသည် ပုံပြင်တစ်ခုစီရှိကြသည်။ ကွန်ဖြူးရှပ်အင်စတီကျူသည် တမူထူးခြားလှသည်။ တစ်ကမ္ဘာလုံးရှိ အခြားယဉ်ကျေးမှုနှင့်ပညာရေး အဖွဲ့အစည်းများနှင့်မတူပါ။ ကွန်ဖြူးရှပ်အင်စတီကျူသည် ကမ္ဘာ့အတွက်တရုတ်အကြောင်းကို မိတ်ဆက်ပေးသည်၊ အပြန်အလှန် သိရှိနားလည်စေသော၊ ဆက်သွယ်ဖလှယ်စေသော အခွင့်အရေးများ ထောက်ပံ့ပေးခြင်းဖြစ်သည်၊ ကမ္ဘာ့အတွက်လည်း ဖြစ်နိုင်ခြေသစ်အချို့ ပေးကောင်းပေးနိုင်လိမ့်မည်။ ကွန်ဖြူးရှပ်အင်စတီကျူကို ကြည့်ရှု၍ တရုတ်နိုင်ငံမှ ပိုင်ဆိုင်ထားသော်လည်း ဤသို့အသား အရောင်ချင်းမတူသော၊ ဘာသာစကားချင်း မတူသောလူများက အတူတကွ ဖလှယ်နေကြသည်ကို ကမ္ဘာကလည်း ပိုင်ဆိုင်ထားလျက် ဖြစ်သည် . . . အမေရိကန်နိုင်ငံColoradoပြည်နယ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ကွန်ဖြူးရှပ် အင်စတီကျူရုံးချုပ် အဆင့်မြင့်အကြံပေးပုဂ္ဂိုလ် Jim cooney မှ ကွန်ဖြူးရှပ် အင်စတီကျူကို အာမေဋိတ်သင်္ကေတကြီးတစ်ခုအဖြစ် တင်စားသကဲ့သို့ ကျွန်တော်တို့၏ ကမ္ဘာ့ယဉ်ကျေးမှု ဖလှယ်ရေးလုပ်ငန်း လုပ်ဆောင်ရန် အတွက်သုံးသပ်ပေါင်းချုပ်သည့်၊ အဆင့်မြင့်တင်သည့်အခန်းကဏ္ဍပါဝင်နေသည်။

သတင်းထောက် – ကျန်ရောဂူဟန်ချိန်ယွမ်

# လန်ချန်း-မဲခေါင်မြစ်ရေကြောင်းလမ်းပြန်လည်ဖွင့်လှစ်



ဒီဇင်ဘာလ ၁၈ ရက်နေ့ ၈း၃၀ နာရီတွင် သင်္ဘောအလေးတန်ချိန်အပြည့် ၂၄. ၈တန်ရှိသောခရီးဉည်တင် သင်္ဘောတစ်စင်းသည် ကျင်ဟုန်ရေအားလျှပ်စစ်စက်ရုံ သင်္ဘောအတင်အချ စက်အောက်ပိုင်းမှလမ်းပြလမ်းကြောင်းအတိုင်း အတင်အချစက်ရှိ သင်္ဘောတင်အခန်းထဲသို့ ဖြေးဖြေးချင်း မောင်းနှင်သွားသည်။ အပေါ်တက်ပြီးသည့် နောက်အထက်ပိုင်းရေမှတ်နှင့် ချိတ်ဆက်ထားသည်။ ထို့နောက်သင်္ဘောတင်အခန်းမှ ထွက်ခွာပြီးအထက်ရေကြောင်းအတိုင်း စီးမောင်ဆိပ်ကမ်းသို့ မောင်းနှင်သွားသည်။ ယခုထက်တိုင် (၁၂)နှစ်နီးပါး ရပ်ဆိုင်းခဲ့သော လန်ချန်း-မဲခေါင်ရေကြောင်းရှိ ကျင်ဟုန်လမ်းပိုင်းကိုပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

ယခုအကြိမ် ကျင်ဟုန်ရေအားလျှပ်စစ်စက်ရုံမှ ရေကာတာ ဖြတ်သန်းရာတွင် အသုံးပြုခဲ့သည့် ရေအားသုံးသင်္ဘော အတင်အချစက်သည် တရုတ်နိုင်ငံ၏ အသိဉာဏ်မူပိုင်ခွင့်ဖြင့် ထုတ်လုပ်ထားသော သင်္ဘောအတင်အချစက်သစ်ဖြစ်ကြောင်း၊ ယင်းအတင်အချစက်၏ အမြင့်ဆုံးဝန်တင်ရန် အမြင့်မှာ ၆၆. ၈၆မီတာရှိပြီးဖြတ်သန်းရန်သင်္ဘော၏အလေးချိန်မှာ တန်ချိန် ၅၀၀ အထိရှိကြောင်း၊ တင်ချရန်အချိန်စုစုပေါင်း ၁၇ မိနစ်ခန့်ရှိပြီး နှစ်စဉ် ကုန်တင်ကုန်ချမှု ပမာဏတန်ချိန် ၁. ၂၄၅ သန်းအထိ ရှိနိုင်ကြောင်း မိတ်ဆက်ခြင်းအရ သိရသည်။

သင်္ဘောများသည် ကျင်ဟုတ်ရေအားလျှပ်စစ်စက်ရုံမှအဆင်ပြေစွာ ဖြတ်သန်းသွားလာသည်နှင့်အမျှ နိုင်ငံတကာရေကြောင်း ပို့ဆောင်ရေးအခြေအနေကို ကောင်းမွန်စွာ ပြုပြင်ပြောင်းလဲနိုင်ခဲ့သည်။

ယင်းသည် တရုတ်နိုင်ငံ စီးမောင်ဆိပ်ကမ်းမှ ထိုင်းနိုင်ငံချင်း စိန်ဆိပ်ကမ်းအထိ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း(၄)နိုင်ငံတို့ကို ဖြတ်သန်းသည့်၊ စုစုပေါင်းအရှည်၃၅၀ကီလိုမီတာရှိသည့်လန်ချန်း-မဲခေါင်ရေကြောင်းသည် ပြန်လည်ဖွင့်လှစ်နေသည်ကို အဓိပ္ပာယ်ဆောင်သည်။

သတင်းထောက် – တိုက်ကျိန့်ဟွာ